အာဒဝင်တူး တတိယတနင်္ဂနွေနေ့ ဒီဇင်ဘာ ၁၇ ရက် ၂၀၂၃

ဟေရှာယ ၆၁း၁–၂၊ ၁၀–၁၁။ ၁ သက်သာလောနိတ် ၅း၁၆–၂၄။

ယောဟန် ၁း၆–၈၊ ၁၉–၂၈

အာဒဝင်တူး တတိယတနင်္ဂနွေနေ့ရဲ့ အကြောင်းရင်းတခုက ဝမ်းမြောက်ခြင်း ဆိုပြီး ရှေးကာလကစတင်ပြီး အစဉ်အလာတခုအဖြစ် ခံယူခဲ့ကြပါတယ်။ လာတင်းဘာသာ (ဂေါက်ဒက်တေ) ကနေဆင်းသက်လာပြီး အဓိပ္ပာယ်က ဝမ်းမြောက်ခြင်း ဖြစ်ပါတယ်။ အခုအချိန်မှာ ပျော်ရွှင်စရာကောင်းတဲ့ ခရစ္စမတ်ပွဲတော်အတွက် ပြင်ဆင်နေကြပါတယ် ဆိုပြီး ကျွန်ုပ်တို့ကိုသတိရစေပါတယ်။

ဘာဖြစ်လို့ကျွန်ုပ်တို့က ဝမ်းမြောက်ပျော်ရွှင်ရမှာလဲ။ ဘုရားရဲ့တပါးတည်းသောသားတော် သခင်ခရစ်တော်ဟာ လူသားတဦးကဲ့သို့ ကျွန်ုပ်တို့နဲ့အတူတကွ လာရောက်နေထိုင်မှာဖြစ်တဲ့အတွက် (ယောဟန် ၁း၁၄) မှာတွေ့ရတဲ့အတိုင်း–နှုတ်တော်ထွက်စကားသည် လူ့ဇာတိအဖြစ်ကိုယူတော်မူ၍ငါတို့အလယ်တွင်စံပယ်တော်မူလေ၏။ ငါတို့သည် ကျေးဇူးတော်နှင့်သမ္မာတရားတို့ဖြင့် ပြည့်စုံလျက်ရှိသော ကိုယ်တော်၏ဘုန်းတော်ကို ခမည်းတော်၏တပါးတည်းသောသားတော်၏ဘုန်းတော်အဖြစ် ဖူးမြင်ကြရလေပြီ။

ကျွန်ုပ်တို့အတွက်သင်ခန်းစာက–

၁။ အလင်းဖြစ်တော်မူသော ခရစ်တော်ကို ကျွန်ုပ်တို့သက်သေခံရမှာ ဖြစ်ပါတယ်။ ဆေးကြောခြင်းမင်္ဂလာအားဖြင့် ခရစ်တော်ရဲ့မိသားစုထဲမှာ ကျွန်ုပ်တို့ပါဝင်ကြရပါတယ်။ ခရစ်တော်ရဲ့ညီအစ်ကိုမောင်နှမများဖြစ်ကြတဲ့၊ ခရစ်တော်ရဲ့နက်နဲသောခန္ဓာတော်ဖြစ်တဲ့ သာသနာတော်မှာပါဝင်ကြတဲ့ ကျွန်ုပ်တို့တွေရဲ့ မစ်ရှင်နဲ့ (လုပ်ငန်း) က၊ သူတပါးဆီသို့ ခရစ်တော်ရဲ့အလင်းတော်ကို ရောက်ရှိစေဘို့ဘဲ ဖြစ်ပါတယ်။ နေကနေ အလင်းရောင်ကိုရယူပြီး လက ကမ္ဘာကိုအလင်းရရှိစေတဲ့သဘော ဖြစ်ပါတယ်။ အာဒဝင်တူးကာလမှာ အရေးကြီးတာက ခရစ်တော်ဘုရားရဲ့ မေတ္တာတော်နဲ့ အခွင့်လွှတ်ခြင်းအကြောင်းကို

ထောက်ရှုပြီး ထိုအလင်းတော်ကို နေရာတိုင်းသို့ရောက်ရှိအောင် ပို့ဆောင်ခြင်းဘဲ ဖြစ်ပါတယ်။

အမှောင်ထုထဲမှာ၊ ဆင်းရဲမွဲတေမှုများထဲမှာ၊ စစ်မှန်တဲ့လွတ်လပ်ခြင်းနဲ့ ကင်းမဲ့နေတဲ့ လူတွေအများကြီး ရှိပါတယ်။ လောကီရဲ့တပ်မက်ခြင်းနဲ့ ဆွဲဆောင်မှုများကြောင့် ဘဝမှာမြင်သင့်သလိုမမြင်၊ ကြားသင့်သလိုမကြားတဲ့ နားမကြား မျက်စေ့ကန်းသောသူတွေလည်း အများအပြားရှိပါတယ်။ များစွာသောလူများတို့လည်း အထီးကျန်ခြင်း၊ သူတပါးတွေက မလိုလားခြင်း၊ ငြင်းပယ်ခံရခြင်း၊ လူ့အသိုင်းအဝိုင်းမှာ ဖယ်ရှားခံရတဲ့ လူတွေလည်းအများအပြား ရှိကြပါတယ်။ ဒီလူအများအပြားတွေဟာ ခရစ်တော်ရဲ့အလင်းကိုရရှိဘို့အတွက်၊ သူတို့ရဲ့အသက်တာမှာ ဝမ်းမြောက်ပျော်ရွှင်ခြင်း၊ ပြည့်ဝစုံလင်ခြင်း၊ သမ္မာဓိရှိခြင်းစသည်တို့ကိုရရှိနိုင်ဘို့ ကျွန်ုပ်တို့ကိုစောင့်မျှော်နေကြပါတယ်။ ခရစ်တော်နဲ့အတူတူပေါင်းစပ်အလုပ်လုပ်ပြီး ထိုပျော်ရွှင်ခြင်းတွေကို သူတပါးဆီ ရောက်အောင်ပို့ဆောင်နိုင်မှသာလျှင် ကျွန်ုပ်တို့များလည်း ခရစ်တော်၌ဝမ်းမြောက်ခြင်း၊ ခရစ္စမတ်ရဲ့ပျော်ရွှင်ခြင်းတွေကို ရရှိနိုင်ကြမှာ ဖြစ်ပါတယ်။

ဆင်းရဲခြင်းပုံသဏ္ဍာန်လဲအမျိုးမျိုးရှိပါတယ်။ အထက်ပါပြောခဲ့တဲ့ပုံစံတွေအပြင်၊ စိတ်ပိုင်းဆိုင်ရာ၊ အတွေးအခေါ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ရေးဆိုင်ရာ ဆင်းရဲခြင်းများနဲ့လူသားတွေလည်းအများကြီးရှိကြပါတယ်။

ကျွန်ုပ်တို့ကို ဘာတခုမှပြန်မပေးဆပ်နိုင်တဲ့ သူတွေဆီကို စစ်မှန်တဲ့ရက်ရောခြင်းမရှိဘူးဆိုရင်ခရစ္စမတ်ဟာ ပြည့်စုံခြင်းမရှိပါဘူး ဆိုတာ ကျွန်ုပ်တို့အမြဲတမ်း သတိရကြရမှာ ဖြစ်ပါတယ်။

၂။ ဒီအချိန်လေးမှာ ခရစ္စမတ်အတွက် ကျွန်ုပ်တို့ ဘာကိုပြင်ဆင်ရမှာလဲ။ ယူဒလူတွေဟာ ဒီမေးခွန်းကိုဘဲ ဆေးကြောခြင်းဆရာယောဟန်ကို မေးကြပါတယ်။ သူတို့ရရှိခဲ့တဲ့အဖြေက နောက်တရပြီး သင်တို့ရဲ့ဘဝကို ပြုပြင်ကြပါ၊

ဆုတောင်းလျက် မက်ဆီးယားသခင်ကို စောင့်မျှော်ကြပါ ဆိုတာ ဖြစ်ပါတယ်။ ဆိုလိုတာက စိတ်နှလုံး စိတ်ဝိညာဉ်ထဲကနေ နက်နက်ရှိုင်းရှိုင်း၊ မကြာခဏ ဆုတောင်းကြရမှာဖြစ်ပါတယ်။ စိတ်အားထက်သန်မှုနဲ့ မကြာခဏ ဆုတောင်းဘို့အတွက် အမိမယ်တော်ဟာ ထင်ရှားပြတဲ့အချိန်တိုင်းမှာ ကျွန်ုပ်တို့ကို နှိုးဆော်တာ တွေ့ရပါတယ်။ မစ္စားတရားတော်ဟာ ဆုတောင်းမေတ္တာအားလုံးထဲမှာ အကြီးမြတ်ဆုံးသော ဆုတောင်းခြင်းဖြစ်တယ်ဆိုတာ သိမှတ်နားလည်ရမှာဖြစ်ပါတယ်။

ကိုယ်တော်မြတ်စက္ကရင်မင်တူးနဲ့သက်ဆိုင်သောသူဖြစ်ရမယ်။ ဆိုလိုတာက ကိုယ်တော်ကို ကျွန်ုပ်တို့ရဲ့စိတ်နှလုံးထဲမှာပင့်ယူခြင်းအားဖြင့် ကိုယ်တော်ရဲ့ပုံပန်းသဏ္ဍာန်အဖြစ်သို့ ပြောင်းလဲကြရမှာ ဖြစ်ပါတယ်။ စက္ကရင်မင်တူးတိုင်းမှာ ကိုယ်တော်နဲ့ ကျွန်ုပ်တို့တွေ့ဆုံစေပါတယ်။ အခါအားလျော်စွာ အာပတ်ဖြေခြင်းကိုခံယူခြင်းဖြင့် ပို၍ ပို၍ကျွန်ုပ်တို့ဟာ ကျေးဇူးတော်များကိုခံယူဘို့အတွက် ခွန်အားကို ရရှိစေပါတယ်။ နေ့စဉ်နှင့်အမျှ နှုတ်ကပတ်တော်အားဖြင့် ဘုရားဟာ ကျွန်ုပ်တို့နဲ့စကားပြောတာကို နာခံရမှာဖြစ်ပါတယ်။ အာဒဝင်တူးအချိန်နဲ့ ဝါတွင်းအချိန်သာလျှင်မဟုတ်ဘဲ တနှစ်တာပတ်လုံး အခါအားလျော်စွာ ဝါရှောင်ခြင်း၊ အသားရှောင်ခြင်း၊ ချိုးခြံခြင်းတမျိုးမျိုးနဲ့ သဒ္ဓါကြည်ညိုခြင်းတမျိုး သို့မဟုတ် အခြားတမျိုးမျိုးကို ကျွန်ုပ်တို့ပြုလုပ်နိုင်ပါတယ်။ တနှစ်တာပတ်လုံး ကျွန်ုပ်တို့ အပြစ်ထဲကျရောက်တတ်ကြပါတယ်။ ဒါ့ကြောင့် ဆုတောင်းခြင်း၊ အစာရှောင်ခြင်း၊ အသားရှောင်ခြင်း၊ ချိုးခြံခြင်းတမျိုးမျိုးနဲ့ သဒ္ဓါကြည်ညိုခြင်းတမျိုး သို့မဟုတ် အခြားတမျိုးမျိုးကို ကျွန်ုပ်တို့ပြုလုပ်ဘို့ သင့်လျော်လှပါတယ်။ ကိုယ်တော်မြတ်စက္ကရင်မင်တူး၌ကိုယ်တော်ကို ဖူးမျှော်နိုင်ဘို့အတွက်လည်း အချိန်ကိုထားနိုင်ရမှာဖြစ်ပါတယ်။ ကျွန်ုပ်တို့ကိုထိခိုက်ကျူးလွန်သူများကို အခွင့်လွှတ်သကဲ့သို့ ကျွန်ုပ်တို့ထိခိုက်ကျူးလွန်မိသောသူများအတွက်လည်း ဆုတောင်းပေးရမှာ ဖြစ်ပါတယ်။

နောက်ဆုံးတော့ မာသာရ်ထရေစား ပြောခဲ့သလိုဘဲ–
ဘာကိုမှမမျှော်လင့်တဲ့အစေခံခြင်းနဲ့၊ နှိမ့်ချသော အစေခံခြင်းနဲ့အတူ
သေးငယ်သောအရာများကို ကြီးမားသောချစ်ခြင်းမေတ္တာနဲ့ ပြုလုပ်ဆောင်ရွက်ပြီး
သူတပါးကို ကိုယ်တော်ရဲ့မေတ္တာတော် ဖြန့်ဝေနိုင်ဘို့
ကြိုးစားလုပ်ဆောင်ရမှာဖြစ်ပါတယ်။

ခရစ္စမတ်ရာသီကာလမှာ ကျွန်ုပ်တို့ရဲ့မြို့ရွာ နေရာဒေသတွေမှာ
မီးတွေနဲ့ထိန်လင်းနေပါတယ်။ ဒါပေမဲ့များစွာသောသူတွေက
အဲဒီမီးအလင်းရောင်တွေဟာ ကျွန်ုပ်တို့ဆီမှာမွေးဖွားခြင်းကိုခံယူခဲ့တဲ့
လောကရဲ့အလင်းဖြစ်တဲ့ ခရစ်တော်ရဲ့အလင်းတော်ကို ဖော်ညွှန်းနေပါတယ်ဆိုတာ
သတိမထားမိကြပါဘူး။ ဒီနှစ်ခရစ္စမတ်မှာ လူဘယ်နှစ်ဦးဆီကို ကျွန်ုပ်တို့များ
ခရစ်တော်ရဲ့အလင်းကို ပို့ဆောင်နိုင်ကြမှာလဲ။ ကျွန်ုပ်တို့ရဲ့သက်သေခံခြင်းအားဖြင့်
လူဘယ်နှစ်ဦးဘယ်နှစ်ယောက်ဟာ သူတို့ရဲ့ဘဝထဲမှာ
ခရစ်တော်ဘုရားမွေးဖွားလာနိုင်မှာလဲ။ ဆင်ခြင်စရာများ
ကျွန်ုပ်တို့အတွက်ဖြစ်ပါတယ်။

ခရစ္စမတ်ကို ထိုက်တန်စွာပါဝင်ကျင်းပနိုင်ဘို့အတွက် ပြင်ဆင်နေကြတဲ့
ကျွန်ုပ်တို့ဟာ သခင်ဘုရားကို သူတပါးရဲ့အသက်တာထဲသို့ ရောက်ရှိအောင်
ပို့ဆောင်နိုင်ဘို့အတွက် ဘုရားရဲ့လက်သုံးကရိယာများဖြစ်တယ်ဆိုတာ
သတိရကြရမှာ ဖြစ်ပါတယ်။ ထိုအတွက်ကျွန်ုပ်တို့ ဆုတောင်းကြပါစို့။
ကြိုးစားသွားကြပါစို့။

ပထမကျမ်းမှာ ကြားခဲ့ရတဲ့ ဟေရှာယ ၆၁း၁၀ အတိုင်း–ထာဝရဘုရားကြောင့်
ငါသည်အလွန်ဝမ်းမြောက်၍ ငါ၏ဘုရားသခင်ကြောင့် ငါ့ဝိညာဉ်သည် ရွှင်လန်းမည်။
ကယ်တင်ခြင်းအဝတ်တန်ဆာနှင့် ငါ့ကိုဝတ်ဆင်စေ၍ဖြောင့်မတ်ခြင်းဝတ်လုံတော်နှင့်
ခြုံတော်မူပြီ။

ထိုကဲ့သို့ကျွန်ုပ်တို့ကြွေးကြော်လျက်
သခင်ဘုရား၌အစဉ်ရွှင်လန်းဝမ်းမြောက်ကြပါစို့–